# THE MYANMAR PASSPORT ACT.

(INDIA ACT XXXIV, 1920.)

(9th September, 1920.)

[ Amendment : 18.06.1989 ]

Myanmar Law Information System (MLIS)

1. * * * *

Definitions.

2. In this Act, unless there is anything repugnant in the subject or context, - "entry" means entry by water, land or air;

"passport" means a passport for the time being in force issued or renewed by the prescribed authority and satisfying the conditions prescribed relating to the class of passports to which it belongs; and

"prescribed" means prescribed by rules made under this Act.

Power to make rules.

3. (1) The Governor may make rules requiring that persons entering British Myanmar shall be in possession of passports, and for all matters ancillary or incidental to that purpose.

(2) Without prejudice to the generality of the foregoing power such rules may-

(a) prohibit the entry into British Myanmar or any part thereof of any person who has not in his possession a passport issued to him;

(b)prescribe the authorities by whom passports must have been issued or renewed, and the conditions with which they must comply, for the purposes of this Act; and

(c) provide for the exemption, either absolutely or on any condition, of any person or class of persons from any provision of such rules.

(3) Rules made under this section may provide that any contravention thereof or of any order issued under the authority of any such rule shall be punishable with imprisonment for a term which may extend to three months; or with fine or with both.

(4) All rules made under this section shall be published in the Gazette, and shall thereupon have effect as if enacted in this Act.

<Amendment 18.06.1989>

Power of arrest.

4. (1) Any officer of police, not below the rank of a sub-inspector, and any officer of the Customs Department empowered by a general or special order of the Governor in this behalf may arrest without warrant any person who has contravened or against whom a reasonable suspicion exists that he has contravened any rule or order made under section 3.

(2) Every officer making an arrest under this section shall, without unnecessary delay, take or send the person arrested before a Magistrate having jurisdiction in the case or to the officer in charge of the nearest police-station, and the provisions of section 61 of the Code of Criminal Procedure shall, so far as may be, apply in the case of any such arrest.

Power of removal.

5. The Governor may, by general or special order, direct the removal of any person from British Myanmar who, in contravention of any rule made under section 3 prohibiting entry into British Myanmar without a passport, has entered therein, and thereupon any officer of Government shall have all reasonable powers necessary to enforce such direction.

<Amendment 18.06.1989>

**----- Footnote -----**

-----------------------------------------------------------------------------------------------------------------------------------------------------------

မြန်မာနိုင်ငံကူးလက်မှတ်အက်ဥပဒေ

၁။ မြန်မာနိုင်ငံကူးလက်မှတ်အက်ဥပဒေ (The Myanmar PassPort Act., Act XXXIV, 1920) (Myanmar Code Vol.I,P.29)

(က) ပြင်ဆင်သည့်ဥပဒေ

ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ် နောက်ပိုင်း ပြင်ဆင်သည့် ဥပဒေမရှိပါ။

(ခ) အာဏာတည်သည့်နေ့ရက်

ဤဥပဒေသည် ၉.၉.၂၀ ရက်နေ့မှစ၍ အာဏာတည်သည်။ (ယခင် The Myanmar General Clauses Act ပုဒ်မ ၄(၁) (Myanmar Code Vol.I,P.29)။

(ဂ) ပြည်နယ်များတွင် အာဏာသက်ရောက်ခြင်း

(၁) ကချင်ပြည်နယ်

Myanmar Law Information System (MLIS)

မြန်မာနိုင်ငံကူးလက်မှတ် အက်ဥပဒေသည် ကချင်ပြည်နယ်ရှိ မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်ရှိ ကချင်တောင်တန်းဒေသများတွင် အာဏာသက်ရောက်သည်။ (The Scheduled Areas Passport Regulation, 1940. Regulation No.4/40)(Kachin Hills Manual, P.63)

(၂) ကယားပြည်နယ်

ဤအက်ဥပဒေသည် ကယားပြည်နယ်တွင် ၃၀.၆.၄၉ ရက်နေ့မှစ၍ အာဏာသက်ရောက်သည်။ The Kayah(Karenni)State (Extension of Laws) Act, 1949.Act No.XXXV,1949)(Myanmar Code Vol.XIII, P.82)။

(၃) ကရင်ပြည်နယ်

ဤအက်ဥပဒေသည် ကရင်ပြည်နယ်တွင် အာဏာသက်ရောက်ကြောင်း မတွေ့ရှိရသော်လည်း The Amendment to the Myanmar Passport Rules, 1938 မှာ ယခင် ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှုအက်ဥပဒေ ဒုတိယဇယား အပိုင်း(၁)ပါ ကရင်ပြည်နယ် ယခင်သံလွင်ခရိုင်တွင် အာဏာ သက်ရောက်သည်။ Defence Dept.(Miscellaneous II Branch) Notification No.123, dated 10th May 1941)(Kachin Hills Manual, P.62)

(၄) ချင်းပြည်နယ်

ဤအက်ဥပဒေသည် ချင်းပြည်နယ်တွင် ၂၂.၁၀.၄၈ ရက်နေ့မှစ၍ အာဏာတည်ပြီး ချင်းပြည်နယ်၌ အိုးအိမ်အတည်တကျရှိသော နိုင်ငံသားများနှင့် သက်ဆိုင်သည်။ (The Chin Special Division (Extension of Laws) Act, 1948(Myanmar Code Vol.XIII, P.1)

(၅) ရှမ်းပြည်နယ်

ဤအက်ဥပဒေသည် ရှမ်းပြည်နယ်မြောက်ပိုင်း ကချင်တောင်တန်းဒေသများနှင့် သက်ဆိုင်သည်။ (The Scheduled Areas Passport Regulation, 1940)(Defence Dept, (Political Branch) Notification No.1027, Dated 21st November 1940 (Kachin Hills Manual.P.63)

The Amendment to the Myanmar Passport Rules, 1938 မှာမူ ယခင် ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရအက်ဥပဒေ ဒုတိယဇယားအပိုင်း(၁)ပါ ရှမ်းပြည်နယ်တွင် အာဏာသက်ရောက်သည်။ (Defence Department (Miscellaneous II Branch) Notification No.123, Dated 10th May 1941)(Kachin Hills Manual P.62)။

(ဃ) ပြဋ္ဌာန်းချက်နှင့် ဖွင့်ဆိုချက်

ဤဥပဒေတွင် ပုဒ်မ ၅ အထိသာရှိပြီး ပုဒ်မ ၁ ကို ပယ်ဖျက်ထားသည်။ ပုဒ်မ ၂ တွင် "ပြည်ဝင်ခြင်း"၊ "နိုင်ငံကူးလက်မှတ်" နှင့် "ပြဋ္ဌာန်းသည်" ဆိုသော စကားရပ်များကို အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

(င) နည်းဥပဒေပြုပိုင်ခွင့်အာဏာ

နိုင်ငံတော်သမ္မတက နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိမှသာ ပြည်တွင်းသို့ ဝင်ရောက်ခွင့်ပြုရေးကိစ္စ၊ နိုင်ငံကူးလက်မှတ်မရှိသူအား ပြည်တွင်းသို့ ဝင်ရောက်ခွင့်မပြုရန် တားမြစ်ရေးကိစ္စ၊ နိုင်ငံကူးလက်မှတ် ထုတ်ပေးမည့်၊ အသစ်လဲလှယ်မည့် အာဏာပိုင်သတ်မှတ်ရေးကိစ္စ၊ ပုဂ္ဂိုလ် သို့မဟုတ် အတန်းအစားတစ် ခုခုအား နည်းဥပဒေပါ ပြဋ္ဌာန်းချက်၊ စည်းကမ်းချက်တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့်ပြုရေး ကိစ္စတို့နှင့် စပ်လျဉ်း၍ နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။(ပုဒ်မ ၃(၁)နှင့်(၂))။

(စ) ပြစ်မှု ပြစ်ဒဏ်

Myanmar Law Information System (MLIS)

ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ နည်းဥပဒေအရ အပ်နှင်း ထားသည့် အခွင့်အာဏာပိုင်၏ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေဖောက်ဖျက်လျှင် ထိုသူအား ထောင်ဒဏ် ၃လ အထိဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် နိုင်သည်။ (ပုဒ်မ၃(၃))

(ဆ) ဖမ်းဆီးခွင့်အာဏာ

ဒုရဲအုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိ တစ်ဦးဦးကဖြစ်စေ၊ ဤကိစ္စအတွက် နိုင်ငံတော်သမ္မတက ယေဘုယျအမိန့် သို့မဟုတ် အထူးအမိန့်ဖြင့် အာဏာအပ်နှင်းထားသော အကောက်ခွန်အရာရှိ တစ်ဦးဦး ကဖြစ်စေ ပုဒ်မ ၃ အရ ထုတ်ပြန်ထားသည့် နည်းဥပဒေတစ်ရပ်ရပ်သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို ဖောက်ဖျက်သူ၊ ဖောက်ဖျက်သည်ဟု သံသယရှိသူအား ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။ (ပုဒ်မ ၄(၁)) ဖမ်းဆီးသူအရာရှိသည် နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ဖြစ်စေ၊ အနီးဆုံးရဲစခန်းသို့ဖြစ်စေ ဖမ်းဆီးထားသူအား ပေးပို့ရမည်။ ထိုသို့ ဖမ်းဆီးရာ၌ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၆၁ ပါပြဋ္ဌာန်းချက်ကို တတ်နိုင်သမျှ လိုက်နာရမည်။ (ပုဒ်မ ၄(၂))။

(ဇ) နှင်ထုတ်ခွင့်အာဏာ

နိုင်ငံတော်သမ္မတသည် ယေဘုယျ သို့မဟုတ် အထူးအမိန့်ဖြင့် ပုဒ်မ ၃ အရ ထုတ်ပြန်ထားသည့် နည်းဥပဒေ တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ နိုင်ငံကူးလက်မှတ် မရှိဘဲ ပြည်တွင်းသို့ဝင်ရောက်သူ သို့မဟုတ် ဝင်ပြီးသူအား နှင်ထုတ်ရန် ညွှန်ကြားနိုင်သည့်အပြင် အစိုးရအရာရှိ တစ်ဦးဦးက ယင်းညွှန်ကြားချက် အတိုင်း ဆောင်ရွက်ရန် လိုအပ်သော လုပ်ပိုင်ခွင့်များ ရှိစေရမည်။ (ပုဒ်မ ၅)

------------------------------ ( ပြည်ထဲရေးဝန်ကြီးဌာနမှ ပေးပို့လာသဖြင့် ဖော်ပြသည်)-------------------------

[ပင်ရင်း- The Burma Code Volume (I) မှ ကူးယူတင်ပြသည်။]

Myanmar Law Information System (MLIS)